# သင်ကိုယ်တိုင် သတင်းပို့ပါ !

## အခြားတစ်ယောက်ယောက် သတင်းပို့တာကို မစောင့်ပါနှင့်။

လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုတစ်ခုခု ရှိနေသည်ဟု သံသယ ရှိပါက ချက်ချင်း သတင်းပို့ပါ။

ထိုသတင်းသည် သေချာရန်မလိုပါ။ တိတိကျကျ မသိလည်း သတင်းပို့ရမည်။

သင့်အဖွဲ့အစည်း၏ သတင်းပို့နည်း အဆင့်ဆင့်ကို သိရှိထားရပါမည်။

သံသယဖြစ်ဖွယ် ဖြစ်ရပ်သည် မိမိအဖွဲ့အစည်းမဟုတ်ဘဲ တခြားအဖွဲ့အစည်းနှင့် သက်ဆိုင်လျှင်လည်း သတင်းပို့ရမည်။

ဖြစ်ရပ်ကို မှန်/မမှန် အတည်ပြုရန် လုံးဝ မစုံစမ်းပါနှင့်။ ဖြစ်ရပ်ကို ဖြေရှင်းပေးရန် မကြိုးစားပါနှင့်။



# တိုင်ကြားရန်

မြန်မာ PSEA တိုင်ကြားရေးဖုန်းနံပါတ်
**၀၉ ၄၀၅၁၄၉၆၁၆**
(ဖုန်း, Message, Viber & WhatsApp တို့မှတဆင့် တိုင်ကြားနိုင်ပါသည်။)
***Email: mmrpsea@unfpa.org***

WHO နှင့် ပတ်သက်သော လိင်ပိုင်းဆိုင်ရာ သံသယဖြစ်ဖွယ်များအတွက် QR Code ကို Scan ဖတ်၍ သို့မဟုတ် Email မှတဆင့်သတင်းပေးပို့နိုင်ပါသည်။
***Email: investigation@who.int***




**ဤလက်ကမ်းစာစောင်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာမှ ရေးဆွဲပါသည်။**

**မည်သူမဆို လွတ်လပ်စွာ ကူးယူအသုံးပြုနိုင်ပါသည်။**

World Health Organization
Myanmar




## လူသားချင်းစာနာမှုဆိုင်ရာ လုပ်သားများအတွက်

# လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်၊ အလွဲသုံးစားမှု

## များမှ ကာကွယ်ရေး သတင်းစကားများ

# လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများကို ပြင်းထန်စွာ တားမြစ်ထားသည်။

## စည်းကမ်းများ သိရှိပါ။

ငွေကြေး၊ အလုပ်အကိုင်၊ ပစ္စည်း၊ အကူအညီများနှင့် လိင်ကို လဲလှယ်ခွင့်မရှိ။







အသက်(၁၈)နှစ်အောက် ကလေးနှင့် လိင်ကိစ္စ ပတ်သက်ခွင့်မရှိ။




မိမိတို့ဆီမှ ကူညီထောက်ပံ့မှု ရယူနေရသူများနှင့် လိင်ကိစ္စ ပတ်သက်ခွင့်မရှိ။



လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုမျိုး တွေ့ရှိလျှင် မဖြစ်မနေ သတင်းပို့ရမည်။

အထက်ပါစည်းမျဉ်းများကို ချိုးဖောက်လျှင် အလုပ်ထုတ်ပစ်သည် အထိ အရေးယူခံရမည်။





## လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများအတွက် လုံးဝအကြောင်းပြချက် ပေးခွင့်မရှိ။

# လွတ်မြောက်လာသူကို ကူညီပါ။

### ■ လေးစားပါ။




လွတ်မြောက်လာသူ၏ ဆန္ဒ၊ ဂုဏ်သိက္ခာ၊ ရွေးချယ်ပိုင်ခွင့်နှင့် အခွင့်အရေးကို လေးစားပါ။



### ■ ဘေးအန္တရာယ်ကင်းပါစေ။

လွတ်မြောက်လာသူ၏ ဘေးအန္တရာယ်ကင်းရေးသည် နံပါတ်(၁) ဦးစားပေး ဖြစ်သည်။

### ■ လျှို့ဝှက်ထိန်းသိမ်းပါ။

လွတ်မြောက်လာသူ၏ အချက်အလက်များကို လုံခြုံအောင် ထိန်းသိမ်းပါ။ မဖြစ်မနေ သိရမည့်သူ၊ မဖြစ်မနေသိရန် လိုအပ်သော အချက်အလက်ကိုသာ မျှဝေပါ။





### ■ ခွဲခြားဆက်ဆံမှု မပြုရ။

အကူအညီ လိုအပ်သူများကို တန်းတူဆက်ဆံ၍ အကူအညီပေးပါ။ လူမျိုး၊ ဘာသာ၊ ကျား/မ၊ ယုံကြည်မှုနှင့် အခြားသော ကွဲပြားမှုများအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံမှု မပြုရ။

# လွတ်မြောက်လာသူကို ကူညီပါ။

သင့်ကို နစ်နာသူမှ ဖွင့်ဟလာပါက မည်သို့တုံ့ပြန်နိုင်သည်ကို လေ့လာထားပါ။





သူ၏ လုံခြုံရေးနှင့် ကိုယ်/စိတ် ကျန်းမာရေးအတွက် စဉ်းစားပေးပါ။

စိုးရိမ်ပူပန်မှုများ လျော့နည်းအောင် နှစ်သိမ့်ပေးပါ။



မိမိဒေသအတွင်းရှိ ကျား/မ အခြေပြု အကြမ်းဖက်ခံရသူများ ရရှိနိုင်မည့် အကူအညီများနှင့် ချိတ်ဆက်ပေးနိုင်သည့် နည်းလမ်းများကို သိအောင် လုပ်ထားပါ။





ထိုအကူအညီများအကြောင်းကို မှန်ကန်သော အချက်အလက်များဖြင့် လွတ်မြောက်လာသူအား ပြောပြပါ။ သူ့ဘက်မှ သဘောတူ တောင်းဆိုပါက လိုအပ်သလို ချိတ်ဆက်ကူညီပေးပါ။

သူတို့ ဖွင့်ဟသည်များကို နားထောင် ရပ်တည်ပေးပါ။ ဖြစ်ရပ်အပေါ် ဝေဖန်အကဲဖြတ်ခြင်း လုံးဝမပြုပါနှင့်။





မည်သို့ ကိုင်တွယ်တုံ့ပြန်ရမှန်း မသိလျှင် သင့်အဖွဲ့အစည်းမှ PSEA တာဝန်ခံနှင့် ဆက်သွယ်ပြီး အကူအညီနှင့် အကြံဉာဏ်များ ရယူပါ။